International
Labour
Organization



# ကလေးလုပ်သားတိုက်ဖျက်ရေး
# အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများအတွက် သင်ရိုး

## သင်တန်းဦးဆောင်ပံ့ပိုးသူများအတွက် လမ်းညွှန်

# ကလေးလုပ်သားတိုက်ဖျက်ရေး
# အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများအတွက် သင်ရိုး

## သင်တန်းဦးဆောင်ပံ့ပိုးသူများအတွက် လမ်းညွှန်

Fundamental Principles and Rights at Work Branch (FUNDAMENTALS)
International Labour Organization

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၈

ပထမအကြိမ်ထုတ်ဝေသည်။ ၂၀၁၈

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေခြင်းများသည် Universal Copyright Convention Protocol 2 နှင့်အညီ မူပိုင်ခွင့်ရရှိထားပြီးဖြစ်ပါသည်။ သို့ရာတွင် ထုတ်ဝေမှုများထဲမှ အချို့သောအချက်များကို ၎င်းတို့အားထုတ်နုတ်ယူရာ မူလရင်းဖြစ်အား ရည်ညွှန်းဖော်ပြီး ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ကူးယူဖော်ပြနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေခြင်းများနှင့် စပ်လျဉ်းပြီး ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ခြင်းဆိုင်ရာ မူပိုင်ခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အမှတ် CH-1211 ဂျီနီဗာ ၂၂၊ ဆွစ်ဇာလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားရယူသင့်ပါသည်။ ထိုကဲ့သို့ လျှောက်ထားမှုများကိုလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့မှ ကြိုဆိုအပ်ပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် ပြန်လည်ထုတ်ယူခွင့်ရှိသည့် အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ထားသူများအနေဖြင့် ပြန်လည် ထုတ်ယူခွင့်ဆိုင်ရာ လိုင်စင်ခွင့်ပြုချက်နှင့် အညီ စာစောင်များထုတ်လုပ်ဖြန့်ဝေနိုင်ပါသည်။ www.ifrro.org သို့ဝင်ရောက်ပြီး သင့်နိုင်ငံနှင့် ဆိုင်သည့် ထုတ်ဝေခွင့်ကို ကြည့်ပါ။

FUNDAMENTALS

မြန်မာနိုင်ငံ ကလေးလုပ်သားတိုက်ဖျက်ရေး၊ အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများအတွက် ကလေးအလုပ်သမားဆိုင်ရာ သင်တန်းသင်ရိုး/ International Labour Office, Fundamental Principles and Rights at Work Branch (FUNDAMENTALS) - Yangon: ILO, 2018.

ISBN: 978-92-2-830840-2 (Print); 978-92-2-830841-9 (Web pdf)

International Labour Office; Fundamental Principles and Rights at Work Branch

အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။ (Combating child labour in Myanmar: Training Package on Child Labour for Labour Inspectors) ISBN: 978-92-2-130187-5 (Print); 978-92-2-130196-7 (Web pdf), Yangon, 2018

အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ အချက်အလက်ကက်တလောက်

| ဂုဏ်ပြုမှတ်တမ်း |
|---|
| ဤပုံနှိပ်ထုတ်ဝေခြင်းအား FUNDAMENTALS အတွက် Philip Hunter မှ အသေးစိတ်စီစဉ်ပြင်ဆင်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (My-PEC)၊ ILO ရန်ကုန်ရုံး Selim Benaissa မှညှိနှိုင်းဆောင်ရွက်သည်။ Bharati Pflug, စောဆာကပေါ်၊ နှင်းဝတ်ရည် နှင့် ဦးအောင်ထွန်း တို့မှသုံးသတ်ချက်များ၊ ထောက်ခံချက်များနှင့် ပါဝင်အကြံပြု ဆွေးနွေးပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။<br>ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ရန်ပုံငွေ ထောက်ပံ့ပေးသည်။ (Project MMR/ 13/10/USA).<br>ဤပုံနှိပ်ထုတ်ဝေခြင်းသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသောအဖွဲ့အစည်းများ အဖြစ်ဖော်ပြထားခြင်းမရှိပါ။ စီမံချက်တစ်ခုလုံး၏ကုန်ကျစရိတ် ၉၆ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၆,၂၅၀,၀၀၀ အား ဖက်ဒရယ်အစိုးရ ရံပုံငွေဖြင့် ငွေကြေးထောက်ပံ့ထားသည်။ |

ကုလသမဂ္ဂကျင့်ဝတ်နှင့် ကိုက်ညီသည့် ILO ပုံနှိပ်ထုတ်ဝေမှုများတွင် ပါဝင်သည့် ရာထူးအဆင့်များ၊ ဖော်ပြထားသည့် အကြောင်း အရာများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် စပ်လျဉ်းသည့် နိုင်ငံတစ်နိုင်ငံ၊ ၎င်း၏အချုပ်အခြာအာဏာပိုင် သို့မဟုတ် ၎င်း၏ နယ်ခြားသတ်မှတ်ချက်များနှင့် ပတ်သက်သည့် မည်သည့်အယူအဆ၊ အကြောင်းအရာများအပေါ် သွယ်ဝိုက်ဖော်ပြထားချက်များ ပါဝင်ခြင်းမရှိပါ။ သက်ဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ အခြားထုတ်ဝေသည့် စာရွက်စာတမ်းပါ အယူအဆ၊ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် တာဝန်ရှိမှုများသည် သက်ဆိုင်ရာစာရေးသူတို့၏ တာဝန်သာဖြစ်ပြီး ယူခုစာအုပ်ငယ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။ ရည်ညွှန်းထားသည့် သက်ဆိုင်ရာကုမ္ပဏီအမည်များ၊ စီးပွားရေးထုတ်ကုန်များ၊ ပြုလုပ်မှုလုပ်ငန်းစဉ်များအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။ သီးသန့်ကုမ္ပဏီတစ်ခု၊ စီးပွားရေးထုတ်ကုန် သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်များအပေါ် ဖော်ပြထားခြင်း မပြုသည်မှာ သဘောတူညီမှုမရှိသည်ကို ပြသထားခြင်းပင် ဖြစ်ပါသည်။

ILOမှ ထုတ်ဝေသည့် စာစောင်၊ စာအုပ်များအား စာအုပ်ဆိုင်ကြီးများ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးများမှဖြစ်စေ သို့မဟုတ် ilo@turpin-distribution.com မှ တိုက်ရိုက်ဖြစ်စေမှာ ယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ www.ilo.org/publns or ilopubs@ilo.org သို့ဝင်ရောက်၍ဖြစ်စေ ရယူနိုင်ပါသည်။

www.ilo.org/childlabour သို့ဝင်ရောက်ကြည့်ရှုပါ။

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။

ILO ရန်ကုန်မှ ဓာတ်ပုံပေါင်းစပ်သည်။

# မာတိကာ


အဓိကအချက်များ ........ ဃ

မိတ်ဆက် ........ ၁

သင်ရိုးအတွက်ပြင်ဆင်ခြင်း ........ ၁

    နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲခြင်း : သင်ရိုးကို ပိုမိုကျယ်ပြန့်သော အမြင်ရှုထောင့်ဖြင့် ကြည့်ခြင်း ........ ၁

    သင်ရိုးတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ........ ၂

သင်တန်းပို့ချခြင်း........ ၄

    အခန်းများနှင့်လေ့ကျင့်ခန်းများအတွက် အသေးစိတ် လမ်းညွှန်ချက်များ ........ ၆

    ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း........ ၆

        အခန်း ၁ : ကလေးလုပ်သားကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် သိရှိနားလည်ခြင်း........ ၆

        အခန်း ၂: ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ကလေးလုပ်သားဆိုင်ရာ ခန့်မှန်းတွေ့ရှိချက်များကို သိရှိနားလည်ခြင်း........ ၈

        အခန်း ၃ : ကလေးလုပ်သားဖြစ်ရခြင်း အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ ........ ၉


        အခန်း ၄ : ကလေးလုပ်သားပပျောက်ရေးအတွက် လုပ်ဆောင်ချက်များ ........ ၁၁


        ပြန်လည်အနှစ်ချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း........ ၁၂

နောက်ဆက်တွဲ ၁ : မရင်းနှီးအေးစက်မှုကို ဖြိုခွဲခြင်းနှင့် တက်ကြွ လှုပ်ရှားကစားနည်းများ ဖြည့်စွက်ချက်........ ၁၃

# အဓိကအချက်များ

အရင်းအမြစ် 

အဓိကအသိပေးလိုသည့်အချက် 

လေ့ကျင့်ခန်း 

အထောက်အကူပြုစာများ 

အမေး၊ အဖြေ 

## မိတ်ဆက်

ဤစာအုပ်သည် ကလေးလုပ်သားတိုက်ဖျက်ရေးအတွက် အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးဆေးရေး အရာရှိများ တက်ရောက်မည့် ILO ၏ သင်တန်းသင်ရိုးအတွက် လမ်းညွှန်ဖြစ်ပါသည်။ ၎င်းတွင် သင်ရိုးကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင်စေရန်အတွက် သင်တန်းဦးဆောင်ပံ့ပိုးသူများ (facilitators) အတွက် အကူအညီ ဖြစ်စေမည့် လက်တွေ့လမ်းညွှန်ချက်၊ အထောက်အပံ့များနှင့် စာရွက်စာတမ်းများပါဝင်သည်။ ဤစာတမ်းသည် သင်ရိုးအစီအစဉ် ရေးဆွဲခြင်း၊ သင်တန်းပို့ချခြင်းနှင့် နောက်ဆက်တွဲဖြည့်စွက် လုပ်ဆောင်မှုများအတွက် လွှမ်းခြုံ ပါဝင်ပြီး ကိစ္စရပ်တစ်ခုတိုင်းအတွက် အသုံးဝင်သော အကြံပြုချက်၊ အကြံပေးချက်များ ပါဝင်ပါသည်။ ယင်းတွင် နောက်ဆက်တွဲအခန်းနှင့် အထောက်အကူပြုပစ္စည်းများတွင် ပါဝင်သည့် သင်တန်းတက်ရောက်သူများအတွက် သင်တန်းအစီအစဉ် အကြမ်း၊ မရင်းနှီးအေးစက်မှုများကို ဖြိုခွဲခြင်း၊ တက်ကြွလှုပ်ရှားကစားနည်းများ၊ Power Point ဆလိုက်များ၊ သင်ရိုးလေ့ကျင့်ခန်းများနှင့် အထောက်အကူပြုစာများအပါအဝင် ရွေးချယ်ထားသည့် သင်တန်းနည်း စနစ်များဖြင့် ပံ့ပိုးထားပါသည်။ ဤစာတမ်းကို ILO ၏ နည်းဗျူဟာကျ ရည်ရွယ်ချက်များမှအစ ကလေးလုပ်သား ဖြစ်ရခြင်း အကြောင်းရင်း များနှင့် နောက်ဆက်တွဲအကျိုးဆက်များ အသေးစိတ်အထိပါဝင်သော၊ ဤသင်ရိုးရှိ အကြောင်းအရာ တစ်ခုစီတိုင်းကို ဆွေးနွေးရန်အတွက် နည်းပညာပိုင်းနှင့် အထောက်အကူပြု သတင်းအချက် အလက်များ ကြွယ်ဝစွာ ပါဝင်သည့် **ကလေးလုပ်သားကို သိရှိနားလည်ခြင်း** ဟူသည့်ရင်းမြစ်စာတမ်းနှင့်အတူ ယှဉ်တွဲ၍ ပြန်လှန်သုံးသပ်သင့်ပါသည်။

## သင်ရိုးအတွက်ပြင်ဆင်ခြင်း

ဤသင်ရိုးသည် ကလေးလုပ်သားများနှင့်ပတ်သက်၍ ကမ္ဘာ့အဆင့်၊ အာရှဒေသတွင်းနှင့် မြန်မာနိုင်ငံအတွင်း အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးရေးအရာရှိများကို နိုးကြားအသိမြှင့်တင်မှုပြုလုပ်နိုင်ရန်အတွက် အဓိကကျသော အဆင့်တခုအဖြစ် စီစဉ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ၎င်းသည် ကလေးလုပ်သားများ ဆန့်ကျင်တိုက်ဖျက်ရာတွင် အရေးကြီးသည့် ကဏ္ဍမှပါဝင်သော အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးရေးအရာရှိများ၏ အရေးပါပုံကို ထင်ရှားစွာ ဖော်ပြလိုခြင်းနှင့် လုပ်ဆောင်ချက်များ ထွက်ပေါ်လာစေရန်လည်း ရည်ရွယ်ပါသည်။ ထိုရည်ရွယ်ချက်နှစ်ရပ်လုံးကို သင်ရိုး ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းနှစ်ခုလုံးတွင် စွဲမှတ်ထားသင့်ပါသည်။

## နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲခြင်း : သင်ရိုးကို ပိုမိုကျယ်ပြန့်သော အမြင်ရှုထောင့်ဖြင့် ကြည့်ခြင်း

သင်တန်းမစတင်မီ အောင်မြင်မှုကိုသေချာစွာ ရရှိစေရန်အတွက် သင့်အနေဖြင့် လုပ်ဆောင်ရမည့် နည်းဗျူဟာ ကျသော၊ နည်းပညာပိုင်းဆိုင်ရာအဆင့်များစွာ ရှိပါသည်။ ယင်းအချက်များတွင် အောက်ပါတို့ ပါဝင်သည်။

<u>သုတေသန</u> : ကိစ္စရပ်များစွာတွင် နိုင်ငံတော်အဆင့်အနေအထားများနှင့် အလားအလာများကို ပိုမိုသိရှိ နားလည် စေရန်အတွက် သင်တန်းဦးဆောင်ပံ့ပိုးသူများအနေဖြင့် ကလေးလုပ်သားဆိုင်ရာ သုတေသနကို (လက်ရှိ စာရွက် စာတမ်းများကို စုစည်းလေ့လာခြင်း သို့မဟုတ် မြန်ဆန်သောလေ့လာဆန်းစစ်မှုတစ်ခုပြုလုပ်ခြင်း) ပြုလုပ်ပါက အကျိုးရှိနိုင်မည်ဖြစ်သည်။ သုတေသနပြုလုပ်ခြင်းသည် အလုပ်သမား အုပ်ချုပ်ရေးမူးများနှင့် စုံစမ်းစစ်ဆေးရေး အရာရှိများ ပိုမိုထိရောက်စွာချိတ်ဆက်ပါဝင်စေခြင်း၊ အထွေထွေ သိမြင်ရင်းနှီးမှုများ မြှင့်တင်ခြင်းနှင့် ဆင်ခြင် သိမြင်ခြင်းများ၊ သင်ရိုးအကောင်အထည်ဖော်ခြင်း၊ တရားဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် မူဝါဒရေးရာအနေအထားများကို ပိုမိုနားလည်အောင်အားထုတ်ခြင်း၊ သင်တန်းကာလအတွင်းတွင် ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ခွဲခြား သတ်မှတ်နိုင်ခြင်း စသည်များကို ရရှိနိုင်စေသည်။

လက်တလောပြီးစီးခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် လုပ်သားအင်အားစစ်တမ်းကဲ့သို့သော နက်နဲစွာ သုတေသနပြုခြင်းများသည် မူဝါဒရေးရာ အပြန်အလှန်ပြောဆိုဆွေးနွေးခြင်းများနှင့် မဟာဗျူဟာကျအစီအစဉ် ချမှတ်ခြင်းများအတွက် အသုံးဝင်သော အချက်အလက်များကို ထုတ်လုပ်ပေးသည်။ အမျိုးသားအဆင့် သုတေသနသည် မြန်မာနိုင်ငံရှိ အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ပိုမိုကျယ်ပြန့်သော အတိုင်းအတာဖြင့် ဖော်ပြနိုင်သည့် ILO၏ကလေးလုပ်သားခန့်မှန်းတွေ့ရှိချက်များနှင့်အခြားသောသုတေသနများကဲ့သို့သော နိုင်ငံတကာအဆင့် အရင်းအမြစ်များကို ပြန်လှန်သုံးသပ်ခြင်းဖြင့်လည်း ပြည့်စုံပြီးမြောက်နိုင်ပါသည်။

<u>အကျိုးသက်ဆိုင်ပတ်သတ်သူများကို မြေပုံဖြင့်ရေးဆွဲခြင်းနှင့် ကမ်းလင့်ထောက်ကူခြင်း</u> သင်တန်းတွင်ပါဝင်ရန် သို့မဟုတ် အသိပေးကြေငြာရန် အတွက် အဓိကကျသော လူပုဂ္ဂိုလ်တစ်ဦးခြင်းစီနှင့် အဖွဲ့အစည်းများကို ခွဲခြားသတ်မှတ်နိုင်ရန်အတွက် အကျိုးသတ်ဆိုင်သူများကို ပဏာမ မြေပုံရေးဆွဲသတ်မှတ်ခြင်းမှာ အထောက်အကူဖြစ်စေသည်။ ယင်းတွင် စစ်တမ်းကောက်ခြင်း၊ သင်တန်းတွင်အဓိကဦးဆောင်ပံ့ပိုးသူ သို့မဟုတ် ဧည့်သည်ပညာရှင်အနေဖြင့် ပါဝင်စေလိုသည့် သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများ ပါဝင်နိုင်သည်။. ထိုကဲ့သို့သော အပြန်အလှန်ပြောဆိုဆွေးနွေးမှုများကို အကောင်းဆုံးဦးဆောင်သွားနိုင်မည့်သူ၊ ဥပမာအားဖြင့် အမျိုးသားအဆင့်၊ ဒေသတွင်း၊ ရပ်ရွာအခြေပြု နှင့်/ သို့မဟုတ် အခွင့်အရေးအခြေခံသော အဖွဲ့အစည်းများ အစရှိသည့် ဒေသကျော်လွန်၍ ကမ်းလင့်ထောက်ကူမှု မဟာဗျူဟာများကိုလည်း စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။ ထိုသို့သောထောက်ကူမှုများ၏ အဓိကပန်းတိုင်မှာ နောက်ဆက်တွဲ ဖြည့်စွက်လုပ်ဆောင်မှုများနှင့် သင်တန်းတက်ရောက်သူများအကြားတွင် အပြုသဘောဆောင်သော သက်ရောက်မှုများအဖြစ်ပြောင်းလဲသွားစေမည့် အဓိကလုပ်ဆောင်မည့်ပြည်သူလူထုအကြား သင်ရိုး အကောင်အထည်ဖော်ခြင်းကို ပိုမိုကျယ်ပြန့်စွာ နားလည်သွားစေလိုခြင်းနှင့် အထောက်အကူဖြစ်စေလိုခြင်း ဖြစ်သည်။

## သင်ရိုးတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ

**<u>သင်ရိုး၏ ရည်ရွယ်ချက်များ</u>**

ဤသင်ရိုးသည် မြန်မာနိုင်ငံနှင့် ကမ္ဘာတဝှမ်းလုံးရှိ အလုပ်သမားရေးရာစုံစမ်းစစ်ဆေးရေးအရာရှိများကို ကလေးလုပ်သားနှင့် ပတ်သက်၍ သိမြင်ရင်းနှီးမှုရှိစေရန် အတွက် ပုံစံထုတ်ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းသည် ယင်းအဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ကိစ္စရပ်များကို လိပ်မူဖြေရှင်းရန် ဆန္ဒများ တိုးပွားလာစေရန်အသုံးပြုနိုင်ပါသည်။ သင်ရိုးတွင် ထိုနည်းတူ -

- လက်ရှိ ILO ၏ ကလေးလုပ်သားပပျောက်ရန်အတွက် ပြဋ္ဌာန်းချက်များ၊ နည်းဗျူဟာများနှင့် အစပျိုးလုပ်ဆောင်မှုများပါဝင်သည်
- ကလေးလုပ်သားများနှင့် ပတ်သက်သော သမားရိုးကျ သို့မဟုတ် သမားရိုးကျ မဟုတ်သော တွေ့ဆုံခြင်းများတွင် အလုပ်သမားရေးရာစုံစမ်းစစ်ဆေးရေးအရာရှိများအတွက် အရင်းအမြစ်တခု အနေဖြင့်လည်း ထမ်းဆောင်ပါသည်
- ကလေးလုပ်သားပပျောက်ရေး ဆန့်ကျင်လှုပ်ရှားရာ၌ အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးရေး အဖွဲ့တွင်းမှ အဓိကဆုံးဖြတ်ချက်ချမှတ်သူများကိုလည်း ပါဝင်လာစေရန် တိုက်တွန်း အားပေးမှု ပြုသည်
- အလုပ်ခွင်နှင့် စီးပွားရေးလုပ်ငန်းအတွင်းရှိ ကလေးလုပ်သားများအတွက် ထိခိုက်နိုင်ချေရှိသည့် ကိစ္စရပ်များကို ဖြေရှင်းရာတွင် အလုပ်သမားရေးရာစုံစမ်းစစ်ဆေးရေးနှင့် ပတ်သက်သည့် ကောင်းမွန်သော အလေ့အကျင့်များကိုလည်း ထွက်ပေါ်လာစေသည်။

**သင်တန်းကို အဓိကပါဝင်တက်ရောက်ကျမည့်သူများ**

ဤသင်ရိုး၏ ကွင်းဆင်းလုပ်ဆောင်မှုများ ပြင်ဆင်ရာတွင် တစိတ်တပိုင်းမှာ မြန်မာနိုင်ငံတွင် ကလေးလုပ်သား ပပျောက်ရန်အတွက် နောက်ဆက်တွဲ လိုက်လံဖြည့်စွက်လုပ်ဆောင်မှု များကို မရှိမဖြစ်ဆောင်ရွက်ပေးမည့် အဓိက ဇာတ်ဆောင်များကို ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။ သင်တန်း၏ အောင်မြင်မှုနှင့် ခိုင်မာတောင့်တင်းသော ဥပဒေရေးရာနှင့် မူဝါဒ သတ်မှတ်ချက်မူဘောင်များ ဖြစ်ပေါ်လာရန် ရေရှည်ရည်မှန်းချက်မှာ အမှန်တကယ်အားဖြင့် ဤသင်တန်းသို့ တက်ရောက်ရန် သင်ရွေးချယ်လိုက်သော ပုဂ္ဂိုလ်တစ်ဦးခြင်းစီ၊ အေဂျင်စီများနှင့် ဌာနများအပေါ်တွင် အဓိကမူတည်သည်။ယင်းသည် အထက်တွင် ဆွေးနွေးခဲ့သော အကျိုးသက်ဆိုင်သူများ သတ်မှတ်မြေပုံဆွဲခြင်း၊ ရပ်ရွာ ကျော်လွှန်၍ ကမ်းလင့်ကူညီခြင်း လုပ်ငန်းစဉ်များနှင့် ခြားနားပြီး "စိတ်လိုလက်ရတာဝန်ယူဆောင်ရွက်မည့်" သို့မဟုတ် သင်ရိုး အကောင်အထည်ဖော်ခြင်းကို သင့်လျော်သလို အထောက်အကူပေးမည့် အဓိကကျသော ပြည်သူလူထုများအပေါ်တွင် အဓိကဦးတည်ပါသည်။

ဤနေရာတွင် အစိုးရဘက်မှ အကျိုးသက်ဆိုင်သူများနှင့် အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများအကြား စဉ်းစားရမည့် ကိုယ်စားလှယ်များမှာ အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေး ဌာနနှင့် အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးရေးကို လုပ်ပိုင်ခွင့်ရှိသည့် အခြားသော ဌာနများဖြစ်ပြီး ဥပမာအားဖြင့် ဝန်ကြီးဌာနတွင်းရှိ စိုက်ပျိုးရေးပိုင်းဆိုင်ရာဌာန စသဖြင့်ဖြစ်သည်။ ထိုကိုယ်စားပြုအဖွဲ့အစည်းများအကြားတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိသည့် အဓိကကျသော ပုဂ္ဂိုလ် သို့မဟုတ် ကလေးလုပ်သားဆိုင်ရာ အကြောင်းအရာအပေါ်တွင် စိတ်ပါဝင်စားမှု၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ရှိသည့်သူများ၊ ဤသင်ရိုးမှထွက်ပေါ်လာမည့် နိဂုံးချုပ်ရလဒ်များကို ရှေ့ဆက်ဆောင်ရွက်နိုင်မည့် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိသူများ အစရှိသူတို့ကို သင့်အနေဖြင့် သတ်မှတ်ရွေးချယ်သင့်သည်။ သင်ရိုးတွင် အခြားပါဝင်ရမည့်သူများမှာ အလုပ်ရှင်များ၊ အလုပ်သမားများ၊ လွှတ်တော်အဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အစရှိသည့် အကျိုးသက်ဆိုင်ပတ်သက်သူကိုယ်စားလှယ်များ ဖြစ်သည်။

**သင်ရိုးဖွဲ့စည်းပုံနှင့် ပါဝင်သည့်အကြောင်းအရာ**

သင်ရိုးတွင် တရက်တာအတွင်း အကောင်အထည်ဖော်ရမည့် အဓိကအခန်းလေးခန်းဖြင့် ခွဲခြားထားသည်။ ၁) ကလေးလုပ်သားကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် သိရှိနားလည်ခြင်း၊ ၂) ကလေးလုပ်သားကို ကမ္ဘာ့အဆင့်၊ အမျိုးသားအဆင့် ခန့်မှန်းတွေ့ရှိချက်များကို နားလည်သဘောပေါက်ခြင်း၊ ၃) ကလေးလုပ်သားဖြစ်ရခြင်း အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ၊ ၄) ကလေးလုပ်သားပပျောက်ရေးအတွက် လုပ်ဆောင်ချက်များ စသည်တို့ဖြစ်သည်။ အခန်းတခန်းစီတိုင်းတွင်း အကျဉ်းချုပ် တင်ဆက်ပြသမှုများပါဝင်ပြီး သင်တန်းတက်ရောက်သူများမှ မေးခွန်းများမေးခြင်း၊ သင်တန်းသားများ ဦးဆောင်သည့် လေ့ကျင့်ခန်းများတွင် မေးမြန်းဆွေးနွေးမှုများ ပါဝင်သည်။

သင်ရိုးတွင်ပါဝင်သည့် အကြောင်းအရာများသည် တင်ဆက်ပြသမှုများ၊ ဆွေးနွေးမှုများနှင့် မျက်နှာစုံညီ သို့မဟုတ် အုပ်စုငယ်များခွဲ၍ လေ့ကျင့်ခန်းလုပ်ခြင်းများ ပေါင်းစပ်ခြင်းအပေါ်တွင် မူတည်သည်။ ၎င်းသည် မြန်မာနိုင်ငံရှိ ကလေးလုပ်သားဆိုင်ရာ အမြင်ရှုထောင့်အားလုံးကို လွှမ်းခြုံပါဝင်ပြီး သင်တန်းတက်ရောက်သူ များအနေဖြင့် ၎င်းတို့ သက်ဆိုင်ရာ အသိုက်အဝန်းတွင် ကလေးလုပ်သားကိစ္စရပ်များကို လိပ်မူဆောင်ရွက်နိုင်ရန် လိုအပ်သည့် အသိပညာများ၊ နည်းစနစ်များကို ထည့်သွင်းပေးထားပြီး ဗျူဟာကျသော၊ လက်တွေ့ကျသော၊ လှုပ်ရှားဆောင်ရွက်မှုကို အသားပေးသော အချက်များ ပါဝင်ပါသည်။

လေ့ကျင့်ခန်းများအပါအဝင် သင်ရိုးဆိုင်ရာပစ္စည်းအားလုံးကို သင်ရိုးမစတင်မီ ပြန်လည်သုံးသပ်ရန် အထူးတိုက်တွန်းလိုပါသည်။ သင်ရိုးဆိုင်ရာပစ္စည်းများတွင် သင်တန်းအစီအစဉ်၊ Power Point ဆလိုက်များ၊ သင်တန်းတက်ရောက်မည့်သူများအတွက် ဝေငှပေးအပ်မည့် အထောက်အကူပြုစာများနှင့် ဤ သင်တန်း ဦးဆောင်ပံ့ပိုးသူလမ်းညွှန်စာအုပ်ပါဝင်ပါသည်။ ထိုပစ္စည်းများနှင့်အတူ ဦးဆောင်ပံ့ပိုးသူများအတွက် အသေးစိတ်ဖြည့်စွက် သတင်းအချက်

အလက်များ ပေးအပ်မည့် **ကလေးလုပ်သားကို နားလည်သဘောပေါက်ခြင်း** ဟူသည့် အရင်းအမြစ်စာတမ်းလည်း အတူပါရှိပါမည်။

**<u>သင်ရိုးကို တင်ဆက်ပြသမည့်သူများ</u>**

ဤသင်ရိုးကို ခေါင်းဆောင်ပံ့ပိုးမည့်သူ (lead facilitator)တစ်ဦးမှ ဦးဆောင်ပြီး တယောက် သို့မဟုတ် တယောက်ထက်ပိုသော ပူးတွဲပံ့ပိုးမည့်သူများမှ အထောက်အကူပေး၍ လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ သင့်အနေဖြင့် မျက်နှာစုံညီဆွေးနွေးမှုများ သို့မဟုတ် သီးသန့်အထူးပြုအကြောင်းအရာ/ပိုမိုနက်နဲစွာ ဆွေးနွေးရမည့် အကြောင်းအရာများ (ဥပမာအားဖြင့် ကမ္ဘာ့အဆင့်၊ အမျိုးသားအဆင့် ကလေးလုပ်သား ဆိုင်ရာခန့်မှန်းလေ့လာမှုများ သို့မဟုတ် ယင်းနှင့် သက်ဆိုင်သည့် ဖြစ်ပေါ်လာစေသောအကြောင်းခံ၊ နောက်ဆက်တွဲ အကျိုးဆက်များ) စသည်တို့ကို ဆွေးနွေးရန်အတွက် အခြားသောကျွမ်းကျင်ပုဂ္ဂိုလ်များ ကိုလည်း ဖိတ်ကြားလိုပါက ဖိတ်ကြားနိုင်ပါသည်။
ထိုသို့ဖိတ်ခေါ်ရာတွင် သင့်အနေဖြင့် သင့်လျော်သော ကျွမ်းကျင်သူ သို့မဟုတ် အရင်းအမြစ်ပုဂ္ဂိုလ်ကို သင်တန်း မစတင်မီ ကြိုတင်သတ်မှတ်ရွေးချယ်ထားရမည်ဖြစ်ပြီး ၎င်းတို့ကို သင်ရိုးပါ အကြောင်းအရာများနှင့် သင်တန်းမှ မျှော်လင့်ချက်များကိုလည်း အကျဉ်းချုပ်ကြိုတင်ရှင်းပြထားရန်လိုသည်။ ထိုသို့ လူပုဂ္ဂိုလ်တစ်ဦးခြင်းစီကို သင်တန်း အစီအစဉ်များတွင် ဖိတ်ကြားထည့်သွင်းခြင်းသည် ထူးခြားကောင်းမွန်သော တန်ဖိုးများကို ထွက်ပေါ်လာစေပြီး ၎င်းတို့၏ ကိုယ်စားပြုပါဝင်ခြင်းများသည်လည်း ပိုမိုကြီးမားပြီး ထူးခြားကွဲပြားသော နားလည် သဘောပေါက်မှု၊ ပိုမိုအားကောင်းသော မျက်နှာစုံညီ/အုပ်စုငယ်ခွဲ၍ ဆွေးနွေးခြင်းများကို ဖြစ်ထွန်းလာစေပြီး ပိုမိုကောင်းမွန်သော သင်တန်းမှ အကျိုးရလဒ်များ၊ အဆုံးသတ် ထွက်ပေါ်လာသည်များကိုရရှိစေရန် အထောက်အကူပြုသည်။ သင့်အနေဖြင့် အလုပ်သမားဦးစီးဌာန သို့မဟုတ် အလုပ်သမားစုံစမ်းစစ်ဆေးရေးဌာနမှ လေးစားဖွယ်ရာ ပုဂ္ဂိုလ်တဦးတယောက်ကိုလည်း ဖိတ်ခေါ်ခြင်းမျိုး ပြုလုပ် နိုင်ပါသည်။ (နမူနာအနေဖြင့် အခန်း ၄ ဆွေးနွေးမှု)

# သင်တန်းပို့ချခြင်း

**<u>သင်တန်းနေရာ</u>**

သင်ရိုးတွင်ပါဝင်သည့် အကြောင်းအရာများနှင့် သင်တန်းတက်ရောက်မည့်သူများ ရွေးချယ်ခြင်းသည် အရေးပါ သကဲ့သို့ မှန်ကန်သော သင်တန်းနေရာရွေးချယ်ခြင်းသည်လည်း အရေးကြီးသည်။ အားလုံးအတူပါဝင်စေသော သင်တန်းပုံစံနှင့် အခန်းတွင်း စားပွဲများကို ကျယ်ပြန့်စွာ ထားရှိနိုင်မည့် (သမားရိုးကျ စာသင်ခန်းကဲ့သို့ စားပွဲနှင့် ကုလားထိုင်များ အတန်းလိုက်စီထားခြင်းမျိုးမဟုတ်ဘဲ) အထောက်အကူပြု သင်တန်းနေရာတစ်ခုအား ရွေးချယ်ရန် တိုက်တွန်းပါသည်။ လူအများလှည့်လည်သွားလာရန်နှင့် ခေတ္တအနားပေးချိန်များအတွက် နေရာများကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။ အချိန်ကုန်သက်သာစေရန်အတွက် နေ့လည်စာစားသည့်နေရာသည်လည်း အလုပ်ရုံသင်တန်းပေးရာနေရာနှင့် နီးကပ်သင့်ပါသည်။

**<u>မရင်းနှီးအေးစက်မှုများကိုဖြိုခွဲခြင်းများနှင့် တက်ကြွလှုပ်ရှားကစားနည်းများ</u>**

၎င်းတို့သည် သင်တန်းပေးရာတွင် အရေးကြီးသည်။ ၎င်းတို့ကိုလုပ်ဆောင်ခြင်းဖြင့် သင်တန်းတွင် ပါဝင်သူများကို တယောက်နှင့်တယောက် သိကျွမ်းရင်းနှီးစေရန် အခွင့်အလမ်းဖြစ်စေပြီး ဦးဆောင်ပံ့ပိုးသူများအနေဖြင့်လည်း သက်တောင့်သက်သာရှိသော၊ သမားရိုးကျသိပ်မဆန်သော လေ့လာသင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး ချိတ်ဆက်ထည့်သွင်းပေးမည့် နည်းလမ်းမျိုးစုံကိုလည်း အသုံးပြုထည့်သွင်း နိုင်သည်။ **နောက်ဆက်တွဲ (၁)** တွင် ပေးထားသည့် နမူနာပုံစံများကိုကြည့်ပါ။
မရင်းနှီးမှုဖြိုခွဲသည့်နည်းလမ်းတစ်ခုဖြင့် တနေ့တာကို စတင်ရန်စဉ်းစားထားပြီး အခြားအရာများကိုလည်း ပိုမို အသုံးပြုလိုပါက သုံးနိုင်ရန် အသင့်ထားရှိပါ (ဥပမာအားဖြင့် အခန်း (၄) ကလေးလုပ်သားနှင့် ပတ်သက်၍

တက်ရောက်သူများ၏ လုပ်ဆောင်နိုင်သည်များကို ဆွေးနွေးခြင်းများ မစတင်မီ)။ အဘယ့်ကြောင့်ဆိုသော် ထိုလှုပ်ရှားမှုများသည် တိုတောင်းပြီး လုပ်ကိုင်ရလွယ်ကူသည်။ သင့်အနေဖြင့် သင်တန်းသူ၊ သင်တန်းသားများ အတွက် "ခွန်အားမြှင့်တင် တက်ကြွစေရန်" လုပ်ဆောင်သင့်သည်ဟု စဉ်းစားမိသည့် အချိန်တိုင်း ထိုလှုပ်ရှားမှု များကို အသုံးပြုနိုင်သည်။

**သင်ရိုးကို တင်ဆက်ပြသခြင်းများနှင့် လေ့ကျင့်ခန်းများ**

သင်ရိုးသည် အတုံ့အပြန်လုပ်ဆောင်မှုနှင့် အားလုံးအတူပါဝင်စေခြင်းများ မြင့်မားစွာရရှိရန် ရေးဆွဲထားသည်။ သင်တန်းတက်ရောက်သူများသည် သင်တန်းတလျှောက်လုံး တက်ကြွပြီး ကောင်းစွာပါဝင်မှုရှိစေရန်အတွက် အုပ်စုငယ်များခွဲ၍ လေ့ကျင့်ခန်းလုပ်ခြင်းများကို ဦးစားပေးထည့်သွင်းထားသည်။ လေ့ကျင့်ခန်းများသည်လည်း ထို့ကြောင့် မရှိမဖြစ်အရေးကြီးသည်။ ၎င်းတို့သည် လေ့လာသင်ယူခြင်း၊ အသိပညာများဖန်တီးခြင်းကို ပံ့ပိုးပေး သလို အပြန်အလှန်ပြောဆိုဆွေးနွေးမှုနှင့် သင်တန်းတက်ရောက်သူများအကြား သင်ရိုးကို ကောင်းစွာနားလည်မှု ဖြစ်ပေါ်စေသည်။ သင်တန်းတက်ရောက်သူများသည် သင်တန်းသို့မလာရောက်မီ တဦးနှင့်တဦး သိကျွမ်းကောင်း မှ သိကျွမ်းပေမည် (ထို့အတူ ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်/ တာဝန်ယူရသည့်နေရာ)။ သို့သော် ၎င်းတို့သည် ဤသင်ရိုးကို မတူညီသော အမြင်ရှုထောင့်များ၊ နောက်ခံအကြောင်းများဖြင့် လာရောက်ကြ ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသင်တန်းတက်ရောက်သူများကို အတူတကွလုပ်ကိုင်ဆောင်ရွက်ကြရန် အားပေး တိုက်တွန်းခြင်းသည် သင်တန်း၏ အရေးပါသောကဏ္ဍဖြစ်ပြီး ယင်းသည် သင်ရိုးကိုနောက်ဆက်တွဲ လိုက်လံဖြည့်စွက် လုပ်ဆောင်ရန် အတွက် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ပြောဆိုဆွေးနွေးမှုများကို တိုးမြင့်စေမည်ဖြစ်သည်။ ထို့အပြင် လေ့ကျင့်ခန်းများသည် သင်တန်းတက်ရောက်သူများအနေဖြင့် ၎င်းတို့သတ်မှတ်ဖော်ပြသော ပြဿနာများကို ဖြေရှင်းနိုင်မည့် ကိုယ်ပိုင်နည်းစနစ်များနှင့် ရှင်းလင်းချက်များကိုလည်း ကိုယ်တိုင်ဖန်တီးနိုင်ရန် ရေးဆွဲဖော် ဆောင်ထားသည်။

**အုပ်စုငယ်များဖြင့် ဆွေးနွေးခြင်း**

သင်ရိုးတွင်ပါရှိသည့် လေ့ကျင့်ခန်းအတော်များများသည် မျက်နှာစုံညီဆွေးနွေးမှုပြီးနောက် အုပ်စုငယ်များဖြင့် ဆွေးနွေးခြင်းများ အပေါ်တွင် မူတည်သည်။ အဖွဲ့ တစ်ခုခြင်းစီရှိ လူနည်းနည်းစီကို မျက်နှာစုံညီ ဆွေးနွေးခြင်း တွင် ပါဝင်ရန် မဝံ့မရဲဖြစ်မှု နည်းသွားစေပြီး ပိုမိုပြောဆိုကြရန်နှင့် အတူပိုမိုပါဝင်ဆွေးနွေးနိုင်သည့် ပတ်ဝန်းကျင် တစ်ခုဖြစ်သွားစေရန်ဖြစ်သည်။ သို့သော်လည်း လေ့ကျင့်ခန်းတစ်ခုစီတိုင်းတွင် သင်တန်းသူ/သားများ အနေဖြင့် တူညီသော အုပ်စုတစ်ခုတည်းတွင်သာ မဖြစ်စေဘဲ ဦးဆောင်ပံ့ပိုးသူအနေဖြင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ စိတ်ပါဝင်စားမှု စသည်တို့အလိုက် အုပ်စုများကို စားပွဲအလိုက် သို့မဟုတ် သင်တန်းသားများ ရောနှော၍ သော်လည်းကောင်း၊ တစ်ဦးခြင်းစီကို နံပါတ် (၁) မှ (၄) အထိရေတွက်စေပြီး လေ့ကျင့်ခန်းအတွက် အုပ်စု ငယ်များ ခွဲခြင်းကိုသော်လည်းကောင်း ပြုလုပ်သင့်ပါသည်။ အုပ်စုများအနေဖြင့် မှတ်စုရေးမည့်သူနှင့် ပြန်လည်တင်ပြမည့်သူ တစ်ဦးကို သဘောတူရွေးချယ်ရမည်။

**Flipchart များအသုံးပြုခြင်း**

Flipchart များကို သင်တန်းသားများ ဉာဏ်ဖွင့်ဆွေးနွေးခြင်းနှင့် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို မျက်နှာစုံညီ ပြန်လည်မတင်ပြမီ အသုံးပြုရန်အတွက် လေ့ကျင့်ခန်းများတလျှောက် အသုံးပြုသွားရမည်ဖြစ်သည်။ သို့သော်လည်း Flipchart များအသုံးပြုခြင်းသည် ရံဖန်ရံခါ စိန်ခေါ်မှုများကို ဖြစ်စေသည်။ သင်တန်းတွင် တက်ရောက်သူများကို ကြီးမားပြီး ရှင်းလင်းစွာဖတ်နိုင်သော စာလုံးများကို အပြာ သို့မဟုတ် အနက်ရောင် မာကာ ဘောပင်များဖြင့် (မြင်သာစေရန်) ရေးသားပေးရန် တိုက်တွန်းပြီး စာကြောင်းအပြည့်အစုံ မဟုတ်ဘဲ ပွိုင့်အမှတ် (Bullet point) များ အဓိကစာလုံးများကို အသုံးပြုရေးသားရန် အသိပေးရမည်။

# အခန်းများနှင့်လေ့ကျင့်ခန်းများအတွက် အသေးစိတ် လမ်းညွှန်ချက်များ

## ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း (မိနစ် ၃၀)

သင်ရိုးကို သင်တန်းတက်ရောက်သူများအား ကြိုဆိုခြင်းဖြင့်စတင်ပြီး ဦးဆောင်ပံ့ပိုးသူမှ အဖွင့် စကား ပြောကြားခြင်းဖြင့် ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။ ယင်းသည် သမားရိုးကျပုံစံ မဟုတ်ဘဲ လွတ်လပ်သည့် ပုံစံလည်းဖြစ်နိုင်ပြီး သင့်အနေဖြင့် အစိုးရအကြီးတန်းအရာရှိ သို့မဟုတ် ILO မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းဖြင့်လည်း လုပ်ဆောင်နိုင်သည်။

ထို့နောက်သင်ရိုး အကြောင်း မိတ်ဆက်ရန်ဖြစ်ပြီး ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံ၊ သင်တန်းတက်ရောက်သူများ အနေဖြင့် သင်တန်းမှရရှိရန် မျှော်လင့်ထားသည် များစသည်တို့ဖြင့်ရှေ့ဆက်ရမည်။ ထိုအချိန်တွင် သင်တန်းကို ဦးဆောင်ပံ့ပိုးသွားမည့်သူ၊ အတူပံ့ပိုးသွားမည့် သူများနှင့် သင်ရိုးကိုပို့ချသွားမည့် အခြားသော ILO ကိုယ်စားလှယ်များ သို့မဟုတ် ပညာရှင်များကို မိတ်ဆက်ခြင်းများ ပြုလုပ်သင့် သည်။ ထိုအချိန်တွင် သင်ရိုး၏ အနေအထား၊ သင်တန်းတွင်း အခြေအနေများကို ရှင်းပြပြီး လွတ်လပ်သော၊ သမားရိုးကျပုံစံကျမဟုတ်သော၊ အားလုံးအတူပါဝင် ရမည့် ချဉ်းကပ်နည်းမျိုး ဖြစ်ကြောင်းကို ရှင်းလင်းရမည်။

အဆုံးသတ်အနေဖြင့် လူအများ စကားပြောဆိုကြခြင်း၊ အပြန် အလှန် တုံ့ပြန်ကြခြင်းများဖြစ်စေရန် အတွက် **လေ့ကျင့်ခန်း ၁ : မရင်းနှီးအေးစက်မှုများဖြိုခွဲခြင်း - တစ်ဦးနှင့်တစ်ဦးသိရှိရန်** ဟူသောလေ့ကျင့်ခန်းကို စတင်ရမည်။ ဤလေ့ကျင့်ခန်း၏ အရေးကြီးသော ရည်ရွယ်ချက်မှာ သင်တန်းတက်ရောက်သူများအားလုံးကို မိတ်ဆက်ခြင်းအပါအဝင် ပွင့်လင်းလွတ်လပ်သော ဆွေးနွေးမှုနှင့် ပါဝင်ဆောင်ရွက်မှုများကို ဖြစ်စေမည့် သမားရိုးကျ၊ ပုံစံကျမဟုတ်သော လွတ်လပ်သည့် သင်တန်းတစ်ခုအနေဖြင့် ဖန်တီးခြင်းလည်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ပိုမိုအောင်မြင်သော သင်တန်းရက် တစ်ခုကို ဖြစ်စေမည်ဖြစ်သည်။

### *အခန်း ၁ : ကလေးလုပ်သားကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် သိရှိနားလည်ခြင်း (တနာရီ)*

သင်ရိုး၏ ပထမဆုံးနည်းပညာပိုင်းဆိုင်ရာအခန်းသည် ကလေးလုပ်သားဟူသော အဓိပ္ပာယ်ကို ဖွင့်ဆိုသတ်မှတ်ခြင်း နှင့် နားလည်မှုများကို ပိုမိုတိုးမြင့်စေခြင်းဖြစ်သည်။ ယင်းသည် သင်တန်းတက်ရောက်သူများကို ILO နှင့် UN ပြဋ္ဌာန်း ချက်များမှ ရယူထားသော ကလေးလုပ်သားဆိုင်ရာ နိုင်ငံတကာအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားနှင့် ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားများဆိုင်ရာ ဖွင့်ဆိုချက်များကို တင်ပြမည်ဖြစ်သည်။ ဤအပိုင်းသည် ILO ၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် တိုက်တွန်း အဆိုပြုချက်များ၊ ထို့အတူ UN ၏ ကလေး သူငယ်အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို သင်တန်းသားများအား မိတ်ဆက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း တင်ပြမည်ဖြစ်သည်။ ဤအပိုင်းပြီးသည့်နောက် သင်တန်းတက်ရောက် သူများသည် ကလေးလုပ်သားများ၏လက္ခဏာကို ဖွင့်ဆိုသတ်မှတ်ခြင်း၊ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်၊ "ကလေးအလုပ်" ဟူသော အသုံးအနှုန်းကို နားလည်ခြင်းနှင့် အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများ၏ သွင်ပြင် လက္ခဏာများ စသည်တို့ကို ကောင်းစွာသဘောပေါက် နားလည်သွားမည်ဖြစ်သည်။ ဤအခန်းတွင် Power Point ဖြင့် တင်ဆက်ပြသခြင်း၊ သင်တန်းသားများနှင့် အမေးအဖြေ၊ **လေ့ကျင့်ခန်း ၂ : ကလေးသူငယ် အကာအကွယ်ပေးရေး လုပ်ငန်းမှ ကွာဟချက်များ - အလုပ်သမားရေးရာစုံစမ်းစစ်ဆေးရေးအရာရှိများ၏ အခန်းကဏ္ဍ** ဟူသော လေ့ကျင့်ခန်း များ ပါရှိမည်ဖြစ်သည်။

အတူတကွပေးအပ်မည့် **ကလေးလုပ်သားကို သိရှိနားလည်သဘောပေါက်ခြင်း** ဟူသော အရင်းအမြစ်စာတမ်းတွင် ဤအခန်း၌ အသုံးဝင်သော အသေးစိတ် အချက်အလက်များပါရှိပြီး ILO ၏ ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းထောက်ခံချက်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ UN ၏ ပြဋ္ဌာန်းချက်၊ မြန်မာနိုင်ငံ စက်ရုံအက်ဥပဒေ၊ ဈေးဆိုင်နှင့် အလုပ်ရုံများအက်ဥပဒေ၊ ရေနံမြေအက်ဥပဒေ (အလုပ်သမားများနှင့် လူမှုဖူလုံရေး) စသည်တို့လည်း ပါဝင်သည်။ တင်ဆက်ပြသမှုများနှင့် ဆွေးနွေးမှုများအပေါ်တွင် အခြေခံ၍ သင်တန်းတက်ရောက်သူများသည် အဖွဲ့ငယ်များခွဲကာ ကလေးလုပ်သားများနှင့် ပတ်သက်သည့် အမျိုးသားအဆင့် ဥပဒေရေးရာများ၊ အလုပ်သမားဦးစီးဌာန၏ အခန်းကဏ္ဍ စသည်တို့ကို နက်နဲစွာ စစ်ဆေးလေ့လာရမည့် လေ့ကျင့်ခန်း (၂) ကို ဆက်လက်လုပ်ဆောင်ကာ (၁) ဥပဒေနှင့် မူဝါဒများအတွင်း ကွာဟချက်များ (၂) ကလေးများအတွက် ဘေးအန္တရာယ်ရှိသောအလုပ်ဟု စဉ်းစားသတ်မှတ်နိုင်ပြီး အမျိုးသားအဆင့် စာရင်းတွင်လည်း ပါဝင်သည့် အလုပ်များစာရင်း (၃) အလုပ်သမားစုံစမ်းစစ်ဆေးရေး အရာရှိများ ကြုံတွေ့နေရသည့် အခက်အခဲများအပါအဝင် လက်ရှိကလေးသူငယ်ကာကွယ်ရေး လုပ်ငန်းမှ စိန်ခေါ်မှုများ စသည်တို့ကို သုံးသပ်ဆွေးနွေးရမည်ဖြစ်သည်။

**အထောက်အကူပြုပေးဝေသောစာရွက်စာတမ်းများ** သုံးခုကို ဤအပိုင်းပြီးဆုံးချိန်တွင် သင်တန်းတက်ရောက်သူများအား ဝေငှပေးသင့်ပါသည်။

- ကမ္ဘာတဝှမ်းတွင် ကလေးများသည် မည်သည့်အလုပ်အမျိုးအစားများကို လုပ်နေကြပါသလဲ ?
- ဘေးအန္တရာယ်ရှိနေသောကလေးလုပ်သားဟူသည်မှာ ဘာပါလဲ?
- ILO ၏ စံနှုန်းများနှင့် အခြားသောနိုင်ငံတကာပြဋ္ဌာန်းချက်များ

အခန်း ၁ တွင်ပါရှိသည့် **အဓိကအသိပေးလိုသော အကြောင်းအရာများမှာ** -

- ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားများသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားများကို ခိုင်းစေမှုတွင် ပါဝင်နေသည့် အကြီးဆုံးအမျိုးအစားဖြစ်ပြီး ကလေးငယ်များကို သေကျေခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် နာမကျန်းဖြစ်ခြင်းများကို ဖြစ်စေရန် ဦးတည်နေသော အလုပ်များ ဖြစ်သည်။
- မြန်မာနိုင်ငံရှိ အမျိုးသားဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် နိုင်ငံတွင်းရှိ ကလေးလုပ်သားကိစ္စရပ်များကို ဆန့်ကျင်မည့် အားကောင်းခိုင်မာသော အကာအကွယ်များ ဖြစ်စေရန်အတွက် နိုင်ငံတကာစံနှုန်းများဖြင့် ကိုက်ညီသင့်သည်။
- ကလေးများလုပ်သည့် အလုပ်တိုင်းသည် ကလေးလုပ်သားအဖြစ် မယူဆနိုင်ပါ။ တချို့သောအလုပ်များသည် ကလေးများအတွက် အကျိုးဖြစ်ထွန်းမှုများဖြစ်စေပြီး အရွယ်ရောက်သူ တစ်ဦးကဲ့သို့ အကျိုးပြုအရာ ရောက်သောဘဝတစ်ခုဖြစ်စေရန် ပြင်ဆင်မှုများ ဖြစ်စေသည်။

## *အခန်း ၂: ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ကလေးလုပ်သားဆိုင်ရာ ခန့်မှန်းတွေ့ရှိချက်များကို သိရှိနားလည်ခြင်း (တနာရီ)*

ဤအခန်းတွင် ILO ၏ ကမ္ဘာ့အဆင့် ကလေးလုပ်သားခန့်မှန်းတွေ့ရှိချက်၊ တကမ္ဘာလုံးအနှံ့ပျံ့နှံ့ ဖြစ်ပွားမှု အတိုင်းအတာ၊ ဒေသတွင်းနှင့် ကဏ္ဍအလိုက်ခန့်မှန်းတွေ့ရှိချက်များ စသည်တို့နှင့်အတူ မြန်မာနိုင်ငံ လုပ်သား အင်အားစစ်တမ်း ရလဒ်များကိုပါ မိတ်ဆက်တင်ပြသွားမည်ဖြစ်သည်။ ဤအခန်းအဆုံးတွင် သင်တန်းတက်ရောက်သူများအနေဖြင့် မြန်မာနိုင်ငံရှိ ကလေးလုပ်သားအခြေအနေ၊ ကမ္ဘာ့အဆင့်၊ ဒေသတွင်းအဆင့် ကလေးလုပ်သားဆိုင်ရာများ၏ အနေအထားကို နားလည်သွားသင့်ပြီး နိုင်ငံအတွင်းရှိ ပြဿနာများ အသေးစိတ် အချက်အလက်များကိုပါ နားလည်သွားရမည်ဖြစ်သည်။ ယင်းသည် အမျိုးသားဆင့်တွင် တရားဥပဒေအရ အရေးယူ ဆောင်ရွက်ခြင်းနှင့် အလုပ်သမားရေးရာစုံစမ်းစစ်ဆေးခြင်း(အခန်း ၄ တွင် ဆွေးနွေးသည်)ကို ဦးဆောင်ပံ့ပိုးသူမှ အလေးပေးပြောကြားနိုင်သည့် အခြေခံသတင်းအချက်အလက်များပင်ဖြစ်သည်။ ပြီးနောက် Power Point ဖြင့် ခပ်တိုတို တင်ဆက်ပြသမှု၊ အမေးအဖြေနှင့် **လေ့ကျင့်ခန်း ၃ : မြန်မာနိုင်ငံရှိကလေးလုပ်သားများအနေဖြင့် ထိခိုက်နိုင်ချေရှိသည်များ မြေပုံဆွဲခြင်း** စသည်တို့ရှိမည်ဖြစ်သည်။

ဤအခန်းအတွက် အထောက်အကူပေးမည့် အချက်အလက်များကို **ကလေးလုပ်သားဆိုသည်ကို နားလည်သဘောပေါက်ခြင်း** စာတမ်း၌ တွေ့နိုင်ပါသည်။ သင့်အနေဖြင့်လည်း သင်ကိုယ်တိုင် မြန်မာနိုင်ငံ လုပ်သား အင်အားစစ်တမ်းကို အသုံးပြုနိုင်ရန်အတွက် ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ထားသင့်ပါသည်။ ယင်းသည် စစ်တမ်းဆိုင်ရာ အမျိုးသားအဆင့် အချက်အလက်များ၊ အခြေအနေများကို တင်ပြဆွေးနွေးရန် စစ်တမ်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကို ဖိတ်ကြားထားသည်ဆိုလျှင်ပင် သင့်အနေဖြင့် ဤအခန်းကိုဦးဆောင်သွားနိုင်ရန်အတွက် လျှို့ဝှက်စွာ လေ့လာထားသင့်သော နောက်ခံအကြောင်းအရာများ ဤစစ်တမ်းတွင် ကြွယ်ဝစွာပါရှိသည်။

တင်ဆက်ပြသမှုပြီးနောက် လေ့ကျင့်ခန်း (၃) တွင် မေးခွန်းပေါင်းများစွာ ဖြေဆိုရန်အတွက် သင်တန်းတက်ရောက်သူများကို အုပ်စုငယ်များ ခွဲ၍အလုပ်လုပ်ခိုင်းမည်ဖြစ်သည်။ ထိုသို့ စုပေါင်းလုပ်ဆောင်ခြင်း၏ ရလဒ်များသည် သင်တန်းသားများ၏ ကလေးလုပ်သားအပေါ် နားလည်သဘောပေါက်မှုများကို ပိုမိုနက်ရှိုင်းပြီး ကျယ်ပြန့်စွာ သိရှိလာမည်ဖြစ်သည်။ အသားပေးဆွေးနွေးရမည်များမှာ (၁) ကလေးလုပ်သားများကို ထိခိုက်နိုင်ချေရှိနေသော စီးပွားရေးကဏ္ဍများနှင့် လုပ်ငန်းများ၊ (၂) သီးသန့်နယ်ပယ်၊ မြို့တော် သို့မဟုတ် ဒေသများ အပါအဝင် ထိခိုက်နိုင်ချေရှိသော ပထဝီဝင်အနေအထားများ (၃) ကလေးလုပ်သားများကို အသုံးပြုနေ သည့် အလုပ်အမျိုးအစား သို့မဟုတ် အလုပ်အကိုင်များ (၄) မြန်မာနိုင်ငံတွင် ကလေးသူငယ်ကုန်ကူးခြင်းနှင့် ရွှေ့ပြောင်း အလုပ်သမားများနှင့် ဆက်စပ်သော ထိခိုက်နိုင်ချေရှိသည်များနှင့် ကလေးလုပ်သားများ ထွက်ပေါ်ရာ၊ ဖြတ်သန်းသွားလာရာ၊ ရွှေ့ပြောင်းသွားလာရာဒေသများ စသည်တို့ဖြစ်သည်။ သင့်အနေဖြင့် သင်တန်းသားများ အဖွဲ့လိုက်ဆွေးနွေးမှုများအပေါ်အခြေခံ၍ မှတ်စုများမှတ်သားထားသင့်ပြီး နိုင်ငံတွင်းရှိ ကလေးလုပ်သားဆိုင်ရာ "ထိခိုက်နိုင်ချေရှိသည်များကို ဆန်းစစ်လေ့လာမှု" ပဏာမ တင်ပြမှုတစ်ခုအဖြစ် ၎င်းတို့ကို ပြန်လည်စုစည်းတင်ပြနိုင်သည်။

ဤအခန်းတွင်ပေးထားသည့် **အထောက်အကူပြုစာတမ်းနှစ်ခုမှာ** :

- ဒေသတွင်း ကလေးလုပ်သားပျံ့နှံ့ဖြစ်ပွားမှု
- မြန်မာနိုင်ငံလုပ်သားအင်အားစစ်တမ်းမှ တွေ့ရှိချက်များ

အခန်း(၂) မှ **အဓိကအသိပေးလိုသော အကြောင်းအရာ မှာ** :

- ကလေးလုပ်သားသည် ဒေသအားလုံးရှိ နိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အားလုံးတွင် သက်ရောက် ခံစားနေရသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတရပ်ဖြစ်သည်။ သို့သော်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကလေးလုပ်သားအများစုကိုမူ အာရှပစိဖိတ်ဒေသတွင်သာ တွေ့ရသည်။
- ကလေးလုပ်သားများကို စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဧည့်ခံကြိုဆိုရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများအပါအဝင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော စီးပွားရေးလုပ်ငန်းများ၊ ကဏ္ဍမျိုးစုံနှင့် လုပ်ငန်းမျိုးစုံတွင် တွေ့ရသည်။
- မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ (၁) သန်းကျော်ရှိနေပြီး တစ်ဝက်ကျော်ကျော် (၆၁၆,၈၁၅) မှာ ဘေးအန္တရာယ်ရှိသောအလုပ်များလုပ်နေကြရသည်။

## *အခန်း ၃ : ကလေးလုပ်သားဖြစ်ရခြင်း အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ (တနာရီ)*

ဤအခန်းတွင် ကမ္ဘာ့အဆင့် ကလေးလုပ်သားများ ဖြစ်စေရသည့် အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ၊ မြန်မာနိုင်ငံနှင့် အာရှဒေသတွင်း အခြေအနေများတွင် ကျင့်သုံးမှုများကို ဆန်းစစ်မည် ဖြစ်သည်။ ယင်းကို အိမ်ထောင်စုဝင်ငွေနည်းပါးခြင်းနှင့် အရည်အသွေးရှိသော ပညာရေးကို လက်လှမ်းမီမှုမရှိခြင်း စသည့် အချက်များအပါအဝင် ကလေးလုပ်သားဖြစ်ရခြင်းအကြောင်းအရင်းများကို စုစည်းခြင်းဖြင့် စတင်ပြီး ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု စသည်တို့ဖြင့် ကလေးလုပ်သားအပေါ် သက်ရောက်ခံရသောအချက်များနှင့် မိသားစု၊ ရပ်ရွာလူထု၊ လူ့အဖွဲ့အစည်း၊ စီးပွားရေး စသည်တို့အပေါ်တွင် နောက်ဆက်တွဲအကျိုးရလဒ်များ စသည်တို့ကို ပြန်လည်သုံးသပ်ခြင်းများ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

ဤအခန်း၏ အဆုံးပိုင်းတွင် (အခန်း ၂ တွင် လေ့လာဆွေးနွေးခဲ့သည်များအပေါ်အခြေခံ၍) သင်တန်း တက်ရောက်သူများသည် ကလေးလုပ်သားဖြစ်စေသည့် ဘုံတူညီသောအချက်အလက်များကို စာရင်းပြုစုနိုင်မည်ဖြစ်ပြီး ကလေးလုပ်သားပပျောက်ရေးသည် ကလေးအတွက်သာမဟုတ်ဘဲ လူ့အဖွဲ့အစည်းနှင့် နိုင်ငံစီးပွားရေးအတွက်ပါ အဘယ်ကြောင့်အရေးကြီးသည်ကို နားလည်လာမည်ဖြစ်သည်။ ဤအခန်းတွင် Power Point ဖြင့် တင်ဆက်ပြသခြင်း၊ အမေးအဖြေကဏ္ဍနှင့် **လေ့ကျင့်ခန်း ၄ : ကလေးလုပ်သားဖြစ်စေရသည့် အကြောင်းရင်းများ နှင့်နောက်ဆက်တွဲအကျိုးဆက်များကို နက်နဲစွာသိရှိနားလည်စေခြင်း** စသည်တို့ပါဝင်မည်ဖြစ်သည်။

ကလေးလုပ်သားဖြစ်စေရသည့် အကြောင်းရင်းများကို ဆွေးနွေးရာတွင် ဦးဆောင်ပံ့ပိုးသူမှ အထူး အလေးထား ပြောကြားရန်မှာ ကလေးသူငယ်များကို အလုပ်ခွင်သို့ တွန်းပို့သော အဓိကအကြောင်းရင်းသည် ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်သော်လည်း ယင်းအချက်တစ်ခုတည်းကြောင့်သာ မဟုတ်ဟူသောအချက်ကို ပြောကြားရန် အရေးကြီးသည်။ ကလေးလုပ်သားပုံစံအားလုံးသည် ဆင်းရဲနွမ်းပါးမှုတစ်ခုတည်းကြောင့် မဟုတ်ပါ။ ယင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များနှင့် ကလေးလုပ်သားဖြစ်ရခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များကို **ကလေးလုပ်သားဆိုသည်ကို သိရှိနားလည်ခြင်း** စာတမ်း၌တွေ့နိုင်သည်။

ဤအခန်းတွင် Power Point ဖြင့်တင်ဆက်ပြသမှုများမှာ အလွန်အရေးကြီးသည်။ ယင်းသည် သင်တန်းသားများကို ကလေးလုပ်သားများဖြစ်ရသည့်အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို (စည်းကမ်းကိုင်တွယ်သူများ၊ ဥပဒေအရ အရေးယူဆောင်ရွက်မှုနှင့် အလုပ်သမား စုံစမ်းစစ်ဆေးရေး အရာရှိများ၊ အခြားသော အကျိုးသက်ဆိုင်ပတ်သက်သူများ၏ နိုင်မာအားကောင်းစွာနှင့် ရှုပ်ထွေးခက်ခဲစွာ မဟာဗျူဟာကျပြန်လည် တုံ့ပြန်လုပ်ဆောင်မှု၏ အရေးပါမှုကို ညွှန်ပြနေသော) အပြည့်အဝ၊ မည်မျှခက်ခဲမှုရှိသည်ဟူသည့် အတိုင်းအတာအထိ နားလည်သဘောပေါက်သွားမည်ဖြစ်သည်။ သို့သော်လည်း ထိုနည်းတူအရေးကြီးသည်မှာ ဤအခန်းတွင် ပါရှိသည့် လေ့ကျင့်ခန်းဖြစ်သည်။ သင်တန်းတက်ရောက်သူများကို အဖွဲ့ငယ်လေးဖွဲ့ ခွဲခိုင်းပြီး အောက်ပါအကြောင်းအရာများကို ဆွေးနွေးစေမည်ဖြစ်သည် (၁) မြန်မာနိုင်ငံတွင် ကလေးလုပ်သားဖြစ်စေသည့် အကြောင်းရင်းများ (၂) နိုင်ငံတွင်းရှိ ကလေးလုပ်သားအဖြစ် ထိခိုက်လွယ်မှုဖြစ်စေသော ကလေးအမျိုးအစားအုပ်စုများ (၃) ကလေးသူငယ်များ၏ ထိခိုက်လွယ်မှုကို ဖြစ်စေသော ထိခိုက်နိုင်ချေရှိသည့် အချက်အလက်များ (risk factors) (၄) ကလေးသူငယ်၊ ရပ်ရွာလူထုနှင့် တိုင်းပြည်အပေါ်တွင် ကလေးလုပ်သားများကြောင့်ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲအကျိုးဆက်များ စသည်တို့ဖြစ်သည်။

ဤအခန်းအဆုံးပိုင်းတွင် သင်တန်းသားများအားဝေငှရန်မှာ -

- ကလေးလုပ်သားဖြစ်ရခြင်း အကြောင်းရင်းများ၊ ထိခိုက်လွယ်မှုနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို နားလည်ခြင်း

**အဓိကအသိပေးလိုသည့် အကြောင်းအရာများမှာ :**

- ဆင်းရဲနွမ်းပါးမှုသည် ကလေးလုပ်သားဖြစ်စေသည့် တစ်ခုတည်းသော အကြောင်းရင်းခံ မဟုတ်ပါ။ တခါတရံ ပညာရေးကိုလက်လှမ်းမမှီခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ပြည်တွင်းပဋိပက္ခများ၏ ဒဏ်ကို ခံစားရခြင်း၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်ယုံကြည်မှုများ၊တရားဥပဒေအရအရေးယူဆောင်ရွက်နိုင်မှုမရှိခြင်း စသည့်တို့အပါအဝင် အခြားသော အချက်အလက်များကြောင့် ကလေးသူငယ်များကို လုပ်ငန်းခွင်သို့ တွန်းပို့သည်များလည်းရှိသည်။
- ကလေးလုပ်သားသည် ကလေးများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး၊ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း - လူမှုရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို ထိခိုက်စေပြီး ဘဝနောက်ပိုင်းအရွယ်ရောက်လာချိန်တွင် သင့်လျော်ကောင်းမွန်သည့် အလုပ်ကို လုပ်ကိုင်နိုင်ရန် အဟန့်အတားဖြစ်စေခြင်းတို့ ဖြစ်နိုင်သည်။
- ကလေးလုပ်သားသည် ကလေးအတွက်သာမကဘဲ ၎င်း၏မိသားစုများ၊ ဒေသခံရပ်ရွာလူထုများ၊ လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတို့ကိုပါ အနုတ်သဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်စေနိုင်သည်။

## *အခန်း ၄ : ကလေးလုပ်သားပပျောက်ရေးအတွက် လုပ်ဆောင်ချက်များ (၁နာရီ ၄၅ မိနစ်)*

ဤအခန်းသည် ကလေးလုပ်သားနှင့် ၎င်းတို့၏အဆိုးဝါးဆုံးပုံစံခိုင်းစေမှုများကို အလုပ်သမားရေးရာ စုံစမ်းစစ်ဆေးရေးအရာရှိများအနေဖြင့် ဖြေရှင်းလုပ်ဆောင်ရမည့်အချက်များကို အဓိကဦးတည်ထားသည်။ ယင်းသည် သင်ရိုး၏ အရှည်ဆုံးသောအပိုင်းဖြစ်ပြီး အခြားအခန်းများနှင့် သင်တန်းသုံးအချက်အလက်များ စသည်တို့၏ အလုံးစုံအရေးပါမှုကို လွှမ်းခြုံညွှန်ပြထားသောအခန်းလည်းဖြစ်သည်။ သင့်အနေဖြင့် အခန်း (၃) ပြီးဆုံး၍ ဤအခန်း မစတင်မီ ပေးထားသည့် တက်ကြွလှုပ်ရှားကစားနည်းများ (**နောက်ဆက်တွဲ ၁ တွင်ကြည့်**) မှ တစ်ခုကို အသုံးပြုနိုင်ပြီး သို့မှသာ ဤအခန်းကိုမစတင်မီ အရေးကြီးသောဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် လန်းဆန်းပြီး အာရုံစူးစိုက်နိုင်မည်ဖြစ်သည်။

ဤအခန်းအဆုံးတွင် သင်တန်းသူ၊ သင်တန်းသားများသည် ကလေးလုပ်သားပပျောက်ရေးအတွက် ၎င်းတို့ ပါဝင်လုပ်ဆောင်ရသည့်ကဏ္ဍ အရေးကြီးပုံကို နားလည်သဘောပေါက်သွားယုံသာမက ၎င်းတို့၏သက်ဆိုင်ရာဌာနမှ လုပ်ပိုင်ခွင့်ပေးအပ်မည့် နေရာများတွင် ထိုအခန်းကဏ္ဍကို ဝင်ရောက် လုပ်ဆောင်လိုသည့် ဆန္ဒဖြစ်ပေါ်ခြင်း၊ တာဝန်ယူလုပ်ကိုင်လိုခြင်းများလည်း ဖြစ်ပေါ်လာသင့်ပေသည်။

ဤအခန်းတွင် အလုပ်သမားစုံစမ်းစစ်ဆေးရေး၏ ရည်ရွယ်ချက်၊ အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများ၏ အခန်းကဏ္ဍ၊ တာဝန်နှင့် လိုက်နာရမည့်အချက်များနှင့် ကို အကျဉ်းချုပ်ဖော်ပြထားသည့် Power Point Slide ဖြင့်စတင်ပြီး အလုပ်သမားစုံစမ်းစစ်ဆေးရေး လက်တွေ့လုပ်ဆောင်ရတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များလည်းပါဝင်သည်။ ဤအခန်း၏ ရည်ရွယ်ချက်မှာ သင်တန်းသားများအနေဖြင့် ၎င်းတို့လုပ်နိုင်သည်/ လုပ်သင့်သည်များကို ပြောပြခြင်းထက် ၎င်းတို့လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် ကြားဝင်ကူညီမှုများကို ၎င်းတို့ကိုယ်တိုင် လေ့ကျင့်ခန်းတလျှောက်လုံး သတ်မှတ်ဖော်ထုတ်သွားစေရန်သာ ဖြစ်သည်။ ထို့ကြောင့် ဤအခန်းကို အမေးအဖြေကဏ္ဍများဖြင့် ရှေ့ဆက်သွားပြီး လေ့ကျင့်ခန်းနှစ်ခုဖြင့် အဆုံးသတ်ရမည်ဖြစ်သည်။ **လေ့ကျင့်ခန်း ၅ : ကလေးလုပ်သားများကို ခွဲခြားသတ်မှတ်ရန်အတွက် နည်းဗျူဟာများနှင့် လေ့ကျင့်ခန်း ၆ : နောက်ဆက်တွဲ လိုက်လံဖြည့်စွက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ** တို့ဖြစ်သည်။

ထိုလေ့ကျင့်ခန်းများ၏ ပထမဆုံးတစ်ခုတွင် သင်တန်းတက်ရောက်သူများကို အဖွဲ့ငယ်များခွဲပြီး အောက်ဖော်ပြပါ အဓိကကိစ္စရပ်များကို သုံးသပ်ဆွေးနွေးစေရမည်ဖြစ်သည်။ (၁) စုံစမ်းစစ်ဆေးမှု ပြုလုပ်ချိန်တွင် ကလေးငယ်များ အား လူတွေ့မေးမြန်းခြင်းနှင့် သက်ဆိုင်သော စိန်ခေါ်မှုများ (၂) ကြိုတင်ကြေငြာသော/ မကြေငြာသော စုံစမ်းစစ်ဆေးမှုများ၏ အားသာချက်၊ အားနည်းချက်များ၊ (၃) ကြိုတင်အစီအစဉ်ရေးဆွဲခြင်း၏ အရေးပါပုံ (၄) စုံစမ်းစစ်ဆေးရေးအရာရှိများ ဆန်းစစ်လေ့လာမှုပြုလုပ်ချိန်တွင် လမ်းညွှန်အဖြစ်အသုံးပြုနိုင်ရန်အတွက် ဘေးအန္တရာယ်ရှိသော အလုပ်များ စစ်ဆေးရန်စာရင်းတစ်ခုကို ဖန်တီးခြင်း (၅) သမားရိုးကျမဟုတ်သော စီးပွားရေး လုပ်ငန်းများတွင် ကလေးလုပ်သားကိစ္စရပ်များကို လုပ်ဆောင်ရာ၌ အတားအဆီးများကို ကျော်လွှားရမည့် စုံစမ်းစစ်ဆေးရေးအရာရှိများ၏ လုပ်ဆောင်ရမည့်အဆင့်များ စသည်တို့ဖြစ်သည်။ ထိုကိစ္စရပ်များ ပြီးနောက်တွင် ဒုတိယလေ့ကျင့်ခန်းမှာ ဖော်ပြပါအဖွဲ့များအနေဖြင့် လုပ်ဆောင်သင့်သည်ဟု ထင်မြင်ယူဆသော အဓိက လုပ်ဆောင်ချက် အဆင့်များကို စာရင်းပြုစုစေရန်ဖြစ်သည် (၁) အစိုးရ (၂) ၎င်းတို့၏ သက်ဆိုင်ရာဌာန (၃) ၎င်းတို့ကိုယ်တိုင် အလုပ်ခွင်ထဲတွင် လုပ်ဆောင်သွားရန် တို့ဖြစ်သည်။

ဤအခန်းပြီးနောက် ဝေငှမည့် အထောက်အကူပြုစာတမ်းမှာ -

- ကလေးသူငယ်များကို လူတွေ့မေးမြန်းခြင်း

အခန်း (၄) တွင် **အဓိကအသိပေးလိုသည့်အကြောင်းအရာများမှာ** :

- ကလေးလုပ်သားကိစ္စရပ်သည် အလုပ်သမားဈေးကွက်၊ ပညာရေး၊ လူမှုရေးရာ အကာအကွယ်ပေးရေး၊ ရွှေ့ပြောင်းသွားလာမှု အစရှိသည့် မူဝါဒရေးရာကိစ္စရပ်များ တလျှောက် ဥပဒေရေးရာနှင့် စည်းမျဉ်း စည်းကမ်းများ ပြုပြင်ပြောင်းလဲခြင်းအပါအဝင် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ အကျိုးသက်ဆိုင် ပတ်သက်သူအသီးသီး၏ တုံ့ပြန်လုပ်ဆောင်မှုများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် ရှုပ်ထွေးသော ပြဿနာတရပ်ဖြစ်သည်။
- ကလေးလုပ်သားဆန့်ကျင်ရေးတွင် အလုပ်သမား စုံစမ်းစစ်ဆေးရေးသည် မရှိမဖြစ် လုပ်ဆောင်ရမည့် နည်းလမ်းဖြစ်သည်။

## ပြန်လည်အနှစ်ချုပ်ခြင်းနှင့် အကဲဖြတ်ခြင်း (မိနစ် ၃၀)

သင်ရိုးအဆုံးပိုင်းတွင် တနေ့တာအတွင်းဆွေးနွေးခဲ့သည်များနှင့် လေ့လာသင်ယူခဲ့ရသည်များကို ဦးဆောင်ပံ့ပိုးသူမှ ပြန်လည်အနှစ်ချုပ်ပေးပြီး သင်တန်းတက်ရောက်သူများကို ၎င်းတို့၏ တက်ကြွစွာနားထောင်မှု၊ ပါဝင်လုပ်ဆောင်မှုနှင့် အကြံပြုခြင်းများကို ကျေးဇူးတင်ကြောင်းပြောကြား သင့်ပြီး နောက်ထပ်အဆင့်များကို ဆွေးနွေးရမည်။ သင်တန်းတက်ရောက်သူများအနေဖြင့် သင်ရိုးအကဲဖြတ်ခြင်းကိုလည်း ဖြည့်ပေးရန် တောင်းဆိုရမည်။ ဦးဆောင်ပံ့ပိုးသူမှ ILO အနေဖြင့် အဓိကဆက်လက်လုပ်ဆောင်မည့် နောက်ထပ်အဆင့်များကို အကြမ်းဖျင်းတင်ပြပြီး ပါဝင်တက်ရောက်သူအားလုံးသည်လည်း ၎င်းတို့၏ကိုယ်ပိုင်စွမ်းဆောင်ရည်ဖြင့် နောက်ဆက်တွဲလိုက်လံ ဖြည့်စွက်လုပ်ဆောင်မှုများပြုလုပ်ကြရန် အားပေးတိုက်တွန်းသင့်သည်။ ထို့နောက်သင်တန်းကို အဆုံးသတ်နိုင်ပြီဖြစ်သည်။

# နောက်ဆက်တွဲ ၁ : မရင်းနှီးအေးစက်မှုကို ဖြိုခွဲခြင်းနှင့် တက်ကြွ လှုပ်ရှား ကစားနည်းများ ဖြည့်စွက်ချက်

မရင်းနှီးမှုများကိုဖြိုခွဲခြင်းနှင့် တက်ကြွလှုပ်ရှားကစားနည်းများသည် ပို၍ သက်တောင့်သက်သာရှိပြီး၊ သမားရိုးကျ မဆန်သော သင်တန်းပုံစံတစ်ခုဖြစ်စေရန်နှင့် သင်တန်းတက်ရောက်သူများအကြား ပိုမိုကောင်းမွန်သော ပါဝင်ဆောင်ရွက်မှုများရရှိရန်အတွက် ထိရောက်စွာအသုံးချနိုင်သည်။ အောက်တွင် သင့်အနေဖြင့် စဉ်းစားအသုံးပြုနိုင်ရန်နမူနာ တချို့ကို တင်ပြထားပါသည်။

## ၁. ဘုံတူညီမှုရှိတတ်သည့် အရာများ

ဤလှုပ်ရှားမှုသည် သင်တန်းတက်ရောက်သူများအကြား ဘုံတူညီမှုရှိတတ်သည့်အရာများကို သတ်မှတ်ခိုင်းခြင်းဖြစ်သည်။ ၂ ယောက်မှ ၄ ယောက်ခန့်စီပါသည့် အုပ်စုငယ်များခွဲပါ။ ၎င်းတို့အနေဖြင့် ၎င်းတို့အကြားတွင် ဘုံ တူညီမှုရှိသည့် အရာများကို ငါးမိနစ်အတွင်း စဉ်းစားခိုင်းပြီး ဆွေးနွေးခိုင်းပါ။ ၎င်းတို့စတင်နိုင်ရန်အတွက် သင့်အနေဖြင့် ဥပမာများဖြင့် စပေးနိုင်သည် ဥပမာ ရုပ်ရှင် သို့မဟုတ် ဂီတပညာရှင်၊ အနုပညာရှင် တဦးတယောက်ကို နှစ်သက်ခြင်း၊ ကြိုက်နှစ်သက်သည့် သီးသန့်အစားအစာအမျိုးအစား စသဖြင့်။ လိုက်၍ ရေးမှတ်ရန် အဖွဲ့တစ်ခုခြင်းစီမှ လူတဦးစီကို တာဝန်ပေးပါ။ ငါးမိနစ်ပြည့်ပါက အဖွဲ့များအနေဖြင့် ဘုံတူညီသော အချက် ငါးချက် သို့မဟုတ် ငါးချက်ထက်ပို၍၊ ရှစ်ချက်ထက်ပို၍၊ ဆယ်ချက်ထက်ပို၍ စသဖြင့် မည်မျှစီရကြသည်ကိုမေးမြန်းပြီး အရေအတွက်အများဆုံးရသည့်အဖွဲ့ကို ရှာပါ။ အဖွဲ့တစ်ခုခြင်းစီကို ၎င်းတို့၏တွေ့ရှိချက်များကို မေးမြန်းပါ။ ဤလှုပ်ရှားမှုကို ပြုလုပ်ရန်အတွက် ခန့်မှန်းချေ (၁၅) မိနစ်ခန့် အချိန်ယူသည်။

## ၂. "ဟုတ်ကဲ့" ဟူသောအဖြေ

ယင်းသည် လှုပ်ရှားမှုနှင့် ရုပ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုပါ ပါဝင်သည့် ရိုးရှင်းသောကစားနည်း ဖြစ်သည်။ ၎င်းသည် ၅ မိနစ် သို့မဟုတ် ၅ မိနစ်အောက်သာကြာသည်။ သင်တန်းတက်ရောက်သူများမှာ ၎င်းတို့၏ စားပွဲ၊ ထိုင်ခုံများ တွင်သာ ထိုင်နေရန်ဖြစ်သည်။ သင်တန်းဦးဆောင်ပံ့ပိုးသူမှာ အားလုံးကို မေးခွန်းများ မေးမည်ဖြစ်သည်။ သင်တန်းသားတဦးတယောက်သည် မေးသည့်မေးခွန်းကို "ဟုတ်ကဲ့" ဟုဖြေပါက မတ်တပ်ရပ်ရမည် ဖြစ်ပြီး နောက်ထပ်မေးခွန်းမမေးမီ ပြန်လည်ထိုင်ရမည်ဖြစ်သည်။ မေးခွန်းပေါင်းစုံကို မေးနိုင်ပါသည်။ အချို့ မေးခွန်းများ မှာ ကိုယ်ရေးကိုယ်တာ သို့မဟုတ် မိသားစုနှင့် သက်ဆိုင်သော (အထိခိုက်မခံသော အကြောင်းအရာမျိုးကို သတိထားပါ) မေးခွန်းများဖြစ်နိုင်သည်။ အခြား မေးခွန်းများသည်လည်း အလုပ်နှင့် ပတ်သက်သော အခြားကိစ္စ များနှင့် ပတ်သက်သော မေးခွန်းများဖြစ်နိုင်သည်။ မေးခွန်းတိုတိုကို မြန်မြန်မေးပြီး သင်တန်းသားများမှ မြန်မြန်ဖြေ မြန်မြန်ပြန်ထိုင်ရမည်ဖြစ်သည်။ မေးခွန်းတွင် သင့်လျော်သလို ဟာသလေးများထည့်၍ မေးမြန်းခြင်းဖြင့် ပို၍ပျော်ရွှင်ဖွယ်ရာဖြစ်စေမည်ဖြစ်သည်။ အချို့သော စံပြမေးခွန်းများမှာ ကလေးရှိပါသလား? မွေးချင်းမောင်နှမ? မြေးမြစ်များ? ဥယျာဉ်တစ်ခုရှိပါသလား? ကားပိုင်ပါသလား? မြို့ပေါ်မှာ မွေးတာလား? ဘောလုံးကြိုက်လား? အိမ်ထောင်ကျပြီးပြီလား? အဝါရောင်ကို ကြိုက်ပါသလား? အကယ်၍ သင်တန်းသူ/သားများသည် စာပွဲဝိုင်းတွင် စက်ဝိုင်းပုံထိုင်နေကြသည်ဆိုပါက ဤလေ့ကျင့်ခန်းတွင် "ဟုတ်ကဲ့" တခါဖြေပြီးတိုင်း ဘယ်ဘက်ကပ်လျက်ခုံကို တခါရွှေ့ခြင်းဖြင့် လူအများသည် စားပွဲကို ပတ်နေကြရမည်ဖြစ်သည်။ ၎င်းတို့၏ ထိုင်ခုံသို့ ပြန်ရောက်သည့် အခါမှသာ ပြန်ထိုင်ကြရမည်ဖြစ်သည်။

## ၃. သင်ဘယ်ကလာပါသလဲ?

ဤလှုပ်ရှားမှုသည် ပို၍ရှုပ်ထွေးသော်လည်း ဆယ်မိနစ်အတွင်း ပြီးနိုင်ပါသည်။ ပို၍လွယ်ကူမြန်ဆန်စေလိုလျှင် သင်တန်းနေရာတွင် အတားအဆီးများရှင်းရမည်ဖြစ်သည်။ ဥပမာ ထိုင်ခုံများကို စားပွဲများအောက်သွင်းခြင်းဖြင့် သင်တန်းသူ/သားများအနေဖြင့် အတော်အသင့် သက်သာစွာ အခန်းတွင်း လှည့်ပတ်သွားလာနိုင်မည်ဖြစ်သည်။

သင်တန်းသူ/သားများအနေဖြင့် သင်တန်းအခန်းကို ၎င်းတို့၏နိုင်ငံမြေပုံအဖြစ်ဖြင့် မြင်ယောင်ကြည့်ရမည် ဖြစ်သည်။ အထောက်အကူဖြစ်စေရန်အတွက် သင်တန်းခေါင်းဆောင်သူမှ အခန်းတွင်းရှိသည့် ပစ္စည်းများကို အဓိက ပထဝီဝင် တည်နေရာများအဖြစ် ဥပမာ မြို့ကြီးများ၊ ကမ်းရိုးတန်း သို့မဟုတ် အထူးပြု တိုင်းနှင့် ပြည်နယ်များ စသဖြင့် သတ်မှတ်ပေးနိုင်သည်။ သင်တန်းသားများကို ၎င်းတို့၏ စိတ်ကူးကိုအသုံးပြုပါစေ။ ၎င်းတို့ကို မြေပုံတွင် ပါရှိသည့် တည်နေရာများနှင့် ပတ်သက်၍ မေးခွန်းများမေးမည်ဖြစ်သည် (ဥပမာ သင်ဘယ်မှာမွေးခဲ့သလဲ?) ထို့နောက် အဖြေ ပေးသည့် နေရာသို့ရွှေ့ကြရန်ဖြစ်သည်။

မေးခွန်းတစ်ခုခြင်းစီတိုင်းကို သင်တန်းသူ/သားများ လိုက်ရွှေ့ရမည်ဖြစ်သည်။ ၎င်းတို့ရွှေ့ရမည့်နေရာသို့ ရွှေ့ရန် အတွက်သာမက မေးခွန်းတခုမေးပြီးတိုင်းတွင် ရွှေ့ရမည့်နေရာတူနေသူများအကြား အပြန်အလှန်တုံ့ပြန် လုပ်ဆောင်ကြရန် လုံလောက်သောအချိန်ပေးပါ။ အခြားသောမေးခွန်းများမှာ ဘယ်နေရာမှာ ကြီးပြင်းခဲ့တာလဲ? ကျောင်းတက်ခဲ့တဲ့နေရာ? တက္ကသိုလ်တက်ခဲ့တဲ့နေရာ? အခုဘယ်နေရာမှာအလုပ်လုပ်နေသလဲ? အားလပ်ရက် အတွင်းမှာ နိုင်ငံတွင်းက သင်အလည်သွားချင်တဲ့နေရာ? သင့်အနေဖြင့် အခန်းတွင်း တနေရာကို "နိုင်ငံရပ်ခြား" ဟု သတ်မှတ်ပေးရန်လိုပြီး နိုင်ငံခြားတွင် မွေးခဲ့သူ၊ နေထိုင်ခဲ့သူ၊ စာသင်ကြားခဲ့သူ စသဖြင့် ဘဝတာအတွင်း အချို့သော အချိန်များတွင် တိုင်းပြည်ပြင်ပ၌ ရှိနေခဲ့သူများအတွက်ဖြစ်သည်။

Fundamental Principles and Rights at Work
Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org

www.ilo.org/childlabour

@ILO_Childlabour

ILO Yangon Office

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org

www.ilo.org/yangon

ISBN 978-92-2-830840-2